## ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ ရန်ကုန်မြို့တွင် ပညာရှင်များ၊သုတေသီများ နှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်

၂၀၁၄ ခုနှစ်ဇူလိုင်လ ၃ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန် အတွက် လည်းကောင်း ရန်ကုန်မြို့တွင် **ပညာရှင်များ၊ သုတေသီများ** နှင့် အကြံပြု ဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော **ပညာရှင်များ၊ သုတေသီများ**၏ အမည်စာရင်း များအား ပူးတွဲ ဖော်ပြ အပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၃)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ဘဏ္ဍာငွေအရင်းအမြစ်များကို စီမံခန့်ခွဲရေးနှင့် ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး။

### စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်တိုးမြင့်ထုတ်လုပ်ရေးတစ်ခုတည်းကိုသာ မလုပ်သင့်ဘဲ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးမြင့်တင်ရန်လည်းအရေးကြီးသည်။ သွင်းအားစုများ၊ လယ်ယာသုံးစက်ပစ္စည်းများအား ထောက်ပံ့ကူညီသင့်သည်။

### ပြည်သူ့ဘဏ္ဍာငွေအရင်းအမြစ်များကို စီမံခန့်ခွဲရေး

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် အခွန်ကောက်ခံရာတွင် တိုးတက်ကောင်းမွန်စေရန် သင်တန်းများပေးသင့်သည်။
အစိုးရအား ပစ္စည်းခွန်သိကောင်းစရာများကို မိတ်ဆက်ပေးသင့်သည်။

### ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ဖွံ့ဖြိုးရေးနည်းဗျူဟာတွင် မည်သည့်ကဏ္ဍများဖွံ့ဖြိုးရေးအတွက် ဦးတည်သင့်ကြောင်း ကိုသိရှိရန် ကဏ္ဍအလိုက်အသေးစိတ်လေ့လာဆန်းစစ်မှုပြုလုပ်သင့်သည်။

### တက်ရောက်လာကြသောပုဂ္ဂိုလ်များ၏ အမည်စာရင်း

| **အမည်** | **အဖွဲ့အစည်း** |
|---|---|
| ခင်မိုးမြင့် | Myanmar Survey Research |
| တင်မောင်ရွှေ | Agribumiun and Fural Development |
| တင်မိုးမိုးခိုင် | Social Policy & Research Group |
| Paul Mirdeffi | MDRI – CESD |
| ဒေါက်တာအာကာမိုးသူ | University Teachers Association |
| နွယ်နွယ်အောင် | Foundation |
| အိစု | မော်ဒန် ဂျာနယ် |